# အနည်းဆုံး အခကြေးငွေ ၄၈၀၀ သတ်မှတ်ချက် နှင့် အချိန်ပိုလုပ်ခနှုန်း တွက်ချက်နည်း အငြင်းပွားမှုတွင် ၄၈၀၀ သမားများအတွက် ၆၀၀ × ၂ = ၁၂၀၀ ကျပ် သာ ပေးရန်ဖြစ်ခြင်း

၂၀၁၈ ခုနှစ်၊ မေလ (၂၅) ရက်။

အနည်းဆုံး အခကြေးငွေ သတ်မှတ်ချက် အမိန့်ကြော်ငြာစာကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနက ၂၀၁၈ ခုနှစ်၊ မေလ (၁၄) ရက်တွင် ထုတ်ပြန်ပြီး နောက်ပိုင်း စက်ရုံအလုပ်ရုံများတွင် အချိန်ပို လုပ်ခနှုန်းထားနှင့် ပတ်သက်၍ အငြင်းအခုန်ဖြစ်လာကြသည်ကို တွေ့ရပါသည်။

ပထမအကြိမ် အနည်းဆုံး အခကြေးငွေနှုန်းထား ၃၆၀၀ ကျပ်ကို သတ်မှတ်စဉ်အခါကလည်း အလားတူ ငြင်းခုန်မှုများရှိခဲ့သည့်အတွက် နေပြည်တော် အလုပ်ရုံနှင့် အလုပ်သမား ဥပဒေ စစ်ဆေးရေး ဦးစီးဌာန ရုံးချုပ်က ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၅) ရက် ရက်စွဲပါ စာအမှတ် - ၆၆၈/၅/အလရ-ဥပဒေ ၂/၂၀၁၅(၄၈၈၁) ဖြင့် လမ်းညွှန်မှုပေးခဲ့ပါသည်။ ယင်းစာကို ရည်ညွှန်းလျှက် သက်ဆိုင်ရာ ဦးစီးဌာနများ၊ စက်မှုဇုံများကတစ်ဆင့် စက်ရုံအလုပ်ရုံများထံ စာများပေးပို့၍ အောက်ပါအတိုင်း လမ်းညွှန်ထားပါသည်။

> "အချိန်ပိုလုပ်အားခတွက်ချက်ခြင်းနှင့် ပတ်သက်၍ အနည်းဆုံးအခကြေးငွေအမိန့်၌ တစ်နာရီ ကျပ် (၄၅၀/-)၊ တစ်ရက် ကျပ် (၃၆၀၀/-) ဟု ဖော်ပြထားသဖြင့် သတ်မှတ်အနည်းဆုံး အခကြေးငွေကျပ် (၃၆၀၀/-) ပေးရသော အလုပ်သမားများ အတွက် တစ်နာရီ အချိန်ပိုလုပ်ခနှုန်းကို (၄၅၀ × ၂) = ၉၀၀/- နှုန်းဖြင့် လည်းကောင်း၊ တစ်ရက်လုပ်ခ ကျပ် (၃၆၀၀/-) ထက်ပို၍ ပေးရသော နေ့စား၊ လစား၊ ပုတ်ပြတ် အလုပ်သမားများကို တစ်နာရီအချိန်ပိုလုပ်ခနှုန်း တွက်ချက်ရာတွင် ကျင့်သုံးဆဲဖြစ်သည့် ထုတ်ပြန်ပြီး အမှာစာနှင့် တည်မြဲအမိန့်ပါ ပုံသေနည်းအတိုင်းလည်းကောင်း တွက်ချက် ထုတ်ပေးရန် ဖြစ်ပါသည်။"

ထို့ကြောင့် ယခု အနည်းဆုံးအခကြေးငွေနှုန်းထားအသစ် တစ်ရက် (၄၈၀၀/-) ကျပ် သတ်မှတ်သည့် အမိန့်ကြော်ငြာစာတွင်လည်း "တစ်နာရီလျှင် ၆၀၀ ကျပ် (ခြောက်ရာကျပ်) နှုန်းဖြင့် အလုပ်ချိန် ၈ နာရီ တစ်ရက် အတွက် ၄၈၀၀ ကျပ် (လေးထောင့်ရှစ်ရာကျပ်)" ဟု တစ်နာရီလုပ်ခ အခကြေးငွေကို အတိအကျ တွက်ချက်ပေးထားပြီးဖြစ်သဖြင့် ယခင်ထွက်ခဲ့ပြီးသော လမ်းညွှန်ချက် သဘောတရားအတိုင်း **(တစ်နာရီလုပ်ခ × ၂) = တစ်နာရီအချိန်ပိုလုပ်ခ** အဖြစ် တွက်ချက်ရန်သာ ဖြစ်ပါသည်။
သို့ဖြစ်ပါ၍ အနည်းဆုံးအခကြေးငွေနှုန်းထားကို အလုပ်ချိန် ၈ နာရီ တစ်ရက်အတွက် ၄၈၀၀ ကျပ် အဖြစ် သတ်မှတ်ပြီးချိန်မှစ၍ အချိန်ပိုလုပ်အားခကို -

> "တစ်နာရီ ကျပ် (၆၀၀/-)၊ တစ်ရက် ကျပ် (၄၈၀၀/-) ဟု ဖော်ပြထားသဖြင့် သတ်မှတ်အနည်းဆုံး အခကြေးငွေကျပ် (၄၈၀၀/-) ပေးရသော အလုပ်သမားများ အတွက် တစ်နာရီ အချိန်ပိုလုပ်ခနှုန်းကို (၆၀၀ × ၂) = ၁၂၀၀/- နှုန်းဖြင့် လည်းကောင်း၊ တစ်ရက်လုပ်ခ ကျပ် (၄၈၀၀/-) ထက်ပို၍ ပေးရသော နေ့စား၊ လစား၊ ပုတ်ပြတ် အလုပ်သမားများကို တစ်နာရီအချိန်ပိုလုပ်ခနှုန်း တွက်ချက်ရာတွင် ကျင့်သုံးဆဲဖြစ်သည့် ထုတ်ပြန်ပြီး အမှာစာနှင့် တည်မြဲအမိန့်ပါ ပုံသေနည်းအတိုင်းလည်းကောင်း"

တွက်ချက် ထုတ်ပေးရန်သာ ဖြစ်ပါသည်။

၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၇၃(၁) တွင်လည်း "အချိန်ပိုလုပ်ခကို မူရင်းအခြေခံလစာ၏ (၂) ဆ ပေးရမည်။" ဟု အတိအလင်း ပြဋ္ဌာန်းထားသဖြင့် အနည်းဆုံး အခကြေးငွေနှုန်းထား သတ်မှတ်ချက် အမိန့်ကြော်ငြာစာက တစ်နာရီလုပ်ခကို အတိအလင်း တွက်ပြထားသောအခြေအနေတွင် (၂) ဆ ဆိုသည့်အတိုင်း **(တစ်နာရီလုပ်ခ × ၂) = တစ်နာရီအချိန်ပိုလုပ်ခ** ဟူ၍သာ တွက်ချက်ရန် ဖြစ်ပါသည်။

တဖန် ဥပဒေပြဋ္ဌာန်းချက်နှင့် အမှာစာ သို့မဟုတ် ညွှန်ကြားချက်တို့ အချင်းချင်း ဝိရောဓိဖြစ်ပေါ်သည့် အခြေအနေတစ်ရပ်တွင် ဥပဒေပါ ပြဋ္ဌာန်းချက်က အမှာစာ သို့မဟုတ် ညွှန်ကြားချက်အပေါ် လွှမ်းမိုးမည်သာဖြစ်ပါသည်။ ယင်းမှာ ဥပဒေ၏ အခြေခံ သဘောတရား တစ်ခုပင် ဖြစ်ပါသည်။
ယခုကိစ္စတွင်လည်း လုပ်ခလစာကို တစ်နာရီစာအထိ အသေးစိတ်တွက်ချက်ပြဋ္ဌာန်းခြင်း မရှိသေးသော ခေတ်ကာလအချိန်က တစ်နာရီစာ အချိန်ပိုလုပ်ခ တွက်ချက်နိုင်ရန်လမ်းညွှန်ခဲ့သည့် လမ်းညွှန်ချက်ပါ အချိန်ပိုတွက်ချက်နည်း ပုံသေနည်းကို ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ၏ အချိန်ပိုလုပ်ခ ပြဋ္ဌာန်းချက်က လွှမ်းမိုးသက်ရောက်မည်သာ ဖြစ်ပါသည်။ ထို့ကြောင့် အချိန်ပိုလုပ်ခကို **(တစ်နာရီလုပ်ခ × ၂) = တစ်နာရီအချိန်ပိုလုပ်ခ** ဟု တွက်ချက်ရန်သာ ဖြစ်ပါသည်။

သို့ပါ၍ အချိန်ပိုနှင့် ပတ်သက်၍ အနီးဆုံးထွက်ခဲ့သည့် လမ်းညွှန်ချက်၏ ယူဆချက် အခြေခံသဘောတရား တွက်ချက်နည်းကို လည်းကောင်း၊ အထက်ဖော်ပြပါ ဥပဒေ၏ အခြေခံသဘောကိုလည်းကောင်း ပြောင်းလဲပယ်ဖျက်၍ သက်ဆိုင်ရာ ဝန်ကြီးဌာန လက်အောက်ရှိ သက်ဆိုင်ရာ ဦးစီးဌာနမှ အချိန်ပိုလုပ်ခ တွက်ချက်ခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာ သို့မဟုတ် ညွှန်ကြားချက် တစ်စုံတစ်ရာ မထုတ်ပြန်လျှင် သို့မဟုတ် မထုတ်ပြန်သေးသည့်ကာလတွင် တစ်နာရီ အချိန်ပိုလုပ်အားခကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၅) ရက် ရက်စွဲပါ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေး ဦးစီးဌာနရုံးချုပ်၏ စာအမှတ် - ၆၆၈/၅/အလရ-ဥပဒေ ၂/၂၀၁၅(၄၈၈၁) တွင် လမ်းညွှန်သည့် ယူဆချက် တွက်ချက်ပုံတွက်ချက်နည်းအတိုင်း -

> "အချိန်ပိုလုပ်အားခတွက်ချက်ခြင်းနှင့် ပတ်သက်၍ အနည်းဆုံးအခကြေးငွေအမိန့်၌ တစ်နာရီ ကျပ် (၆၀၀/-)၊ တစ်ရက် ကျပ် (၄၈၀၀/-) ဟု ဖော်ပြထားသဖြင့် သတ်မှတ်အနည်းဆုံး အခကြေးငွေကျပ် (၄၈၀၀/-) ပေးရသော အလုပ်သမားများ အတွက် တစ်နာရီ အချိန်ပိုလုပ်ခနှုန်းကို (၆၀၀ × ၂) = ၁၂၀၀/- နှုန်းဖြင့် လည်းကောင်း၊ တစ်ရက်လုပ်ခ ကျပ် (၄၈၀၀/-) ထက်ပို၍ ပေးရသော နေ့စား၊ လစား၊ ပုတ်ပြတ် အလုပ်သမားများကို တစ်နာရီအချိန်ပိုလုပ်ခနှုန်း တွက်ချက်ရာတွင် ကျင့်သုံးဆဲဖြစ်သည့် ထုတ်ပြန်ပြီး အမှာစာနှင့် တည်မြဲအမိန့်ပါ ပုံသေနည်းအတိုင်းလည်းကောင်း"

တွက်ချက်ရန်သာ ဖြစ်ကြောင်း ရှင်းလင်း အကြံပြုအပ်ပါသည်။